# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၃၆၇ /၂၀၂၂

၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

( ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် )

## ကသာလေဆိပ် တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ကြီးကြပ်မှုဗဟိုကော်မတီဖွဲ့စည်းခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့အနီးတွင် လေယာဉ်ကွင်းအသစ်(၁)ခု တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ သွက်လက်လျင်မြန်အဆင်ပြေချောမွေ့စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ဆောင်ရွက်ရန် **“ကသာလေဆိပ် တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ကြီးကြပ်မှုဗဟိုကော်မတီ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

( ဇ ) ဝန်ကြီးချုပ် အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

( ဈ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး

( ဋ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့ အနီးတွင် လေယာဉ်ကွင်းအသစ် (၁)ခု တည်ဆောက်ရေး စီမံကိန်း အကောင်အထည်ဖော်ရေး ကြီးကြပ်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စီမံကိန်း၏ လျာထားလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် လိုအပ်သော မူဝါဒများ ချမှတ်ခြင်း၊

( ခ ) စီမံကိန်းနှင့်ပတ်သက်၍ ဆက်စပ် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ဆောင်ရွက်ရမည့် အောက်ဖော်ပြပါကိစ္စရပ်များကို လုပ်ငန်း အဆင်ပြေစေရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်း -

(၁) လိုအပ်သော မြေသိမ်းဆည်းရေးဆိုင်ရာကိစ္စ၊
(၂) လိုအပ်သော လျှပ်စစ်မီးရရှိရေးကိစ္စ၊
(၃) လိုအပ်သော ရေရရှိရေးကိစ္စ၊
(၄) ချဉ်းကပ်လမ်းများနှင့် အခြားလမ်းပိုင်းဆိုင်ရာ ဆက်စပ်တည်ဆောက်ရေးကိစ္စ၊
(၅) လိုအပ်သော ဘဏ္ဍာငွေလျာထားရရှိနိုင်ရေးကိစ္စ၊
(၆) အခြားလိုအပ်သော ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စ။

( ဂ ) စီမံကိန်း၏ တိုးတက်မှုကို စောင့်ကြည့်စစ်ဆေးခြင်း၊

(ဃ) ဗဟိုကော်မတီသည် လိုအပ်သောလုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး